Ingham Community Health Centers

# Ingham Community Health Center မှကြိုဆိုပါ၏

## ဆောင်ရွက်ရန် တာဝန် ကြေငြာချက်

ကျွန်တော်တို့၏ ဆောင်ရွက်ရန် တာဝန်သည် လူမှုအသိုင်းအဝိုင်း၏ အဆင့်အတန်း မြင့်မားမှုရရှိရန်

ပြည်သူများလုပ်ပိုင်ခွင့် တာဝန်ပေးအပ်ခြင်းအားဖြင့် ကျန်းမာရေး နှင့် နေထိုင်မှု တိုးတက်စေရန် ဖြစ်သည်။

ကျွန်တော်တို့သည် သင်တို့၏ ကောင်းမွန်သော ကျန်းမာရေး ပံ့ပိုးရန် နှင့် ဆောင်ရွက်ပေးခြင်းကို ဂုဏ်ယူပါသည်။ ကျွန်တော်တို့သည် သင်တို့ ဤနေရာမှာ ပြုစုစောင့်ရှောက်မှုကို ကျေးဇူးတင်မည်ဟု မျှော်လင့်ပါသည်။ လူနာသစ်တယောက်အနေဖြင့် ဤနေရာမှာ ကျွန်တော်တို့၏ ဆောင်ရွက်ချက် နှင့် သင်ကို ပြုစုခြင်းအကြောင်း တချို့ သိစေလိုသည်မှာ–

### အခြေအနေပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲ။

အခြေအနေပေါ်မူတည်၍ ဈေးနှုန်းလျှော့ပေးခြင်းသည် ကုသဆောင်ရွက်ပေးခြင်းအတွက် ပေးရန်ရှိသောအခကြေးငွေ များသည် သင့်လျော်သော လူနာများအတွက် ရရှိနိုင်သည်။ အခြေအနေ ပေါ်မူတည်၍ ဈေးနှုန်းလျှော့ပေးခြင်းအတွက် သင့်လျော်သော သူများသည် သင်၏ မိသားစု အရေအတွက် နှင့် ဝင်ငွေအပေါ်တွက်မူတည်သည်။ သင်၏ ပေးချေနိုင်ခြင်းကိုမတွက်ဘဲ ဤနေရာ၌ ဆက်လက်ဆေးကုသခြင်း အခွင့်အရေးကို သင်ဆက်လက်လုပ်ဆောင်ပေးလိမ့်မည်။

### ဆေးကုသမှုခံယူပြီးနောက်ပိုင်းအခွင့်အရေး။

အကယ်၍ဆေးခန်းပိတ်သွားရင် သင်သည် ဆေးကုသခြင်းနှင့်ပတ်သက်၍ အကြံ ဉာဏ် လိုအပ်ပါက ကျွန်တော်တို့၏ ရုံးဖုန်းနံပါတ်ကိုခေါ်ခြင်း နှင့် ကျွန်တော်တို့ရုံး၏ အလိုအလျောက် ဖြေပေးသော စက်ဖြင့် ဆက်စပ်ပေးခြင်းအားဖြင့် ဆေးဘက်ဆိုင်ရာ ပံ့ပိုးပေးသူထံရောက်ရှိနိုင်သည်။ အကယ်၍ သင်သည် အသက်ဘေးအန္တရာယ်ရောက်နိုင်သော အခြေအနေ၊ အရေးပေါ်အခြေအနေ ဖြစ်နေပါက သင်သည် ၉–၁–၁ ခေါ်ခြင်း သို့မဟုတ် အနီးစပ်ဆုံး အရေးပေါ် ဆေးရုံသို့ခေါ်သွားရပါ။

### ချိန်းဆိုနေ့ရက် ပယ်ဖျက်ခြင်း။

အကယ်၍သင်သည် သင်၏ ချိန်းဆိုထားသောနေ့ရက်တွင် မသွားနိုင်ပါက သင်သည် ကျန်းမာရေးဝန်ထမ်းများကို ဖုန်းဆက်၍ ချိန်းဆိုထားသော အချိန်တွင် တခြားသူအားကုသပေးနိုင်ရန်အချိန်မှီ အကြောင်းကြား ရန်လိုသည်။ အကယ်၍ သင်သည် ချိန်းဆိုထားသော အချိန်တွင် နောက်ကျမည်ဆိုပါက သင်သည် သင်၏ အချိန်အတိုင်းချက်ချင်း ဆေးကုသပေးခြင်း ရရှိနိုင်မည် မဟုတ်၊ သင့်နောက်က အခြား တယောက်ကိုသင့်ထက်အရင် ဆေးကုသခြင်း ပြုပေးမှာဖြစ်သည်။ ဤကဲ့သို့သော စေတနာ အပေါ် သင့်ကိုကျေးဇူးတင်ပါသည်။

### လူနာ ဝင်ပေါက်။

သင်သည်ကျန်းမာရေးသတင်းအချက်အလက်များကို လွယ်ကူစွာ ဝင်ကြည့်နိုင်သည်၊ ဆေးထပ်ဖြည့်နိုင်းသည်၊ ချိန်းဆိုရက်လုပ်နိုင်သည်၊ သင်၏ဆေးဖက်ဆိုင်ရာနှင့် သို့မဟုတ် သွားဘက်ဆိုင်ရာနှင့် သို့မဟုတ် သွေးစစ် ဆေးသည့် အဖြေများ ကို ကျွန်တော်တို့၏ လုံခြုံသော လူနာ ဝင်ပေါက် အွန်လိုင်းမှ ကြည့်နိုင်ပါသည်။ ဆေးခန်းကြိုဆိုသူများသည် လူနာ ဝင်ပေါက် အကောင့် လုပ်နိုင်ရန် လက်ကမ်းစာစောင်ကလေး နှင့် ညွှန်ကြားချက်များကိုသင့်အားပံ့ပိုးပေးနိုင်သည်။

### ဘာသာပြန်ပေးခြင်း နှင့် စကားပြန်ပေးခြင်း။

သင်၏ လိုအပ်ချက် နှင့် သင့်ကိုပြုစုကုသခြင်းအပေါ်နားလည်နိုင်ခြင်းသည် ကျွန်တော်တို့အတွက် အလွန်အရေးကြီးပါသည်။ ကျွန်တော်တို့သည် သင်အကောင်းဆုံးပြောဆိုနိုင်သောစကားဖြင့် ဘာသာပြန်ပြီးသောအရာများတောင်းပေးသည် သို့မဟုတ် စကားပြန်တယောက် ထောက်ပံ့ပေးရန် ကြိုးပမ်းဆောင်ရွက်ပေးပါသည်။ အကယ်၍ သင်သည် အခြားသောစကားဖြင့် သတင်းအချက်အလက်များ သို့မဟုတ် စကားပြန်တယောက် လိုအပ်ပါက ကျေးဇူးပြု၍ ဆေးခန်းကြိုဆိုသူများထံအသိပေးပါ။ သူတို့သည် သင့်ကို ကူညီပေးလိမ့်မည်။

**Better Health Begins With You. We Can Help You Get There.**

Ingham Community Health Centers •5303 S. Cedar Street •
Lansing, MI 48911
Phone: 517.887.4647 • Fax: 517.244.7172 •
www.hd.ingham.org/chc



Ingham County Health Department